# မာတိကာ


| | |
|---|---|
| အမှာစာ | ၅ |

**1st Conflict Resolution Essay Competition**

| | |
|---|---|
| ၁။ ပဋိပက္ခများအား ဖြေရှင်းရာတွင် - သွန်းခ | ၁၁ |
| ၂။ အချိန်မီချုပ် အစုတ်သက်သာ - ကျော်စိုး(မတ္တရာ) | ၁၆ |
| ၃။ ငြိမ်းချမ်းရေးအသားနဲ့ ထုလုပ်ထားသူများ - လင်းထိန် | ၂၃ |

**2nd Conflict Resolution Essay Competition**

| | |
|---|---|
| ၁။ အတ္တနိဂုံး ရှန်းထွက်ခြင်းလမ်းစများ-ကာတွန်းလွမ်းမောင်(သုဝဏ္ဏ) | ၃၃ |
| ၂။ သမီးကိုမသတ်ပါနဲ့ဖေဖေရယ် - စိမ်းလဲ့ဖြူ | ၃၉ |
| ၃။ လျှောက်ရတော့မယ့်လမ်း - ဒီတီအယ် | ၄၆ |

**3rd Conflict Resolution Essay Competition**

| | |
|---|---|
| ၁။ တစ်ဖက်သောင်ထွန်း၊တစ်ဖက်ကမ်းပြို-အောက်တိုဘာအောင်ကြီး | ၅၅ |
| ၂။ ကံကြမ္မာဆိုတာက - ချစ်ဦးနိုင် | ၆၃ |
| ၃။ ပဋိပက္ခ - မဠူစိုး | ၆၈ |

**4th Conflict Resolution Essay Competition**

| | |
|---|---|
| ၁။ ပြိုင်တူရွှေ့မှ ရွှေ့မည့်မြန်မာ့ငြိမ်းချမ်းရေး - ကိုအောင်မြဦး | ၇၇ |
| ၂။ သူ့ဆံပင် နှင်းဆီပွင့်တွေနှင့် - မောင်စိုးငြိမ်း | ၈၉ |
| ၃။ ပိတောက်ပွင့်ချိန် - မြတ်သိမ်းခိုင် | ၉၄ |
| ၄။ ခြားနားခြင်းမှ ညီမျှခြင်း - ခိုင်သန္တာမင်းမင်းဦး | ၁၀၀ |
| ၅။ ပဋိပက္ခ ဖျန်ဖြေလိုစိတ်မရှိ - ပိုးနန္ဒာ | ၁၀၅ |

**5th Conflict Resolution Essay Competition**

| | |
|---|---|
| ၁။ လူငယ်နှင့်လူကြီး ပဋိပက္ခများအား ကြိုတင်တားဆီးရာမှာ - သွန်းခ | ၁၁၉ |
| ၂။ ဟင်းလေးအိုး - မြတ်သိမ်းခိုင် | ၁၂၄ |
| ၃။ အကြောက်တရားနှင့် ရုန်းထွက်မှု - ခိုင်သန္တာမင်းမင်းဦး | ၁၂၉ |
| ၄။ တင်းလွန်းသောကြိုးပျက်၏ - ပိုးနန္ဒာမင်းမင်းဦး | ၁၃၃ |


# အမှာစာ

United World Peace Institute (UWPI) & Glamour-စွဲမက် media တို့ ပူးပေါင်း၍ပဋိပက္ခများဝိုင်းဝန်းအဖြေရှာနည်းလမ်းများအက်ဆေးပြိုင်ပွဲကို ကျောင်းသားများ၊ လူငယ်သုတေသီများ၊ စာရေးဆရာများ၊အနုပညာရှင်များ၊ အတတ်ပညာရှင်များ စီးပွားရေးသမားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ပြည်တွင်းနှင့်နိုင်ငံတကာပဋိပက္ခများတွင်၎င်းတို့၏ခံစားချက်၊ ယုံကြည်ချက်၊ ထင်မြင်ချက်များကိုရှင်းလင်းစွာထုတ်ဖော်ပြသပြီးကိုယ်တိုင်တွေးခေါ် အဖြေရှာနိုင်စေရန်အချက်အလက်များရှာဖွေစေရန်အလို့ငှာ အားပေးသည့်အနေဖြင့် ကျင်းပ ပြုလုပ်ဖိတ်ခေါ်ခဲ့ပါသည်။

အက်ဆေးပြိုင်ပွဲ၏ရည်ရွယ်ချက်-

၁) မည်သည့်ပြဿနာများ၊ အငြင်းပွားမှုများ၊ ပဋိပက္ခများကိုမဆိုဖြေရှင်းရာတွင်ငြိမ်းချမ်းသောနည်းလမ်းများကို နက်ရှိုင်းစွာ တွေးတောကြံဆရှာဖွေနိုင်ကြစေရန် ရည်ရွယ်ပါသည်။

၂) နိုင်ငံရေး၊စီးပွားရေး အဘက်ဘက်မှ ခက်ခဲနေသောကာလတွင် စိတ်ဓာတ်ကျ လမ်းပျောက်နေသူများကို စာရေးသားခြင်းဖြင့်စိတ်ဓာတ်ခွန်အားဖြစ်စေရန်၊ စိတ်ဓာတ်မြှင့်တင်ပေးရန်အလို့ငှာ ရည်ရွယ်ပါသည်။

၃) မြန်မာ့ပဋိပက္ခအရေး၊ ကမ္ဘာ့ပဋိပက္ခအရေးများအားလုံးကိုငြိမ်းချမ်းရေးကို အခြေခံသည့် ထိုးထွင်းဉာဏ်ဖြင့်ပဋိပက္ခ ဖြေရှင်းမှုများ အမြစ်တွယ်ထွန်းကားလာစေရန်ရည်ရွယ်ပါသည်။



၄) မြန်မာမှအစပြု၍ မိမိတို့မှီတင်းနေထိုင်နေသော ကမ္ဘာကြီးတွင် အကြမ်းဖက်မှုများ၊ လိင်အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု မှအစ မည်သည့်အကြမ်းဖက်မှုမျိုးမဆို လူ့အဖွဲ့အစည်းမှလုံးဝပျောက်ကွယ်သွားရန်၊ စစ်ပွဲများ လုံးဝ ပပျောက်သွားစေရန် ရည်ရွယ်ပါသည်။

၅) ထိုသို့ ပဋိပက္ခဖြေရှင်းရာတွင် စာရေးသားသူများ အားလုံးသည် ငြိမ်းချမ်းရေးစွမ်းရည် သတ္တိအပြည့်ရှိသည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကဲ့သို့သော၊ ဆရာဒဂုန်တာရာ ကဲ့သို့သော ငြိမ်းချမ်းရေးနည်းဖြင့်သာ ပဋိပက္ခကို လူသားဆန်စွာ၊ သိမ်မွေ့စွာ၊ပြည့်ဝ ရင့်ကျက်စွာဖောက်ထွက်ဖြေရှင်းနိုင်သည့်စာပေ သူရဲကောင်းများစွာ ပေါက်ဖွားလာစေရန် ရည်ရွယ်ပါသည်။

ပြိုင်ပွဲပေါ်ပေါက်လာသောဖြစ်စဉ်

Conflict Resolution Essay- ပဋိပက္ခများ ဝိုင်းဝန်းအဖြေရှာ နည်းလမ်းများ အက်ဆေး ပြိုင်ပွဲကို ဇူလိုင်လ၂၀၂၁ ခုနှစ် မှ စတင်၍ ကျင်းပခဲ့သည်။ ဤ စာအုပ် ထုတ်ဝေသော အချိန်တွင် ငါးကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

မိမိတို့ တိုင်းပြည်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေး ပဋိပက္ခ မှ အစ ပြု၍ အလုံးစုံ ပျက်သုန်းရေး ဘက်သို့ ဦးတည် လာနေသည်ကို Facebook စာမျက်နှာပေါ်မှ မြင်တွေ့နေရသည်မှာကြာလာသောအခါ စိတ်ထောင်းကိုယ်ကျေ ကြေကွဲဝမ်းနည်းနေခဲ့ရသည်။ မိမိသင်ကြား တတ်မြောက်ထားသည့်ပညာ၊ သင်ကြားပို့ချနေခဲ့သော ငြိမ်းချမ်းစွာ ပဋိပက္ခပြေလည်အောင်ဖြေရှင်းခြင်း နည်းလမ်းများကို တစ်နည်းတစ်ဖုံ အသုံးပြု၍ လမ်းကြောင်းလေး တည့်ပေးနိုင်ဖို့ မျှော်လင့်တောင့်တမိပါသည်။

သို့သော် မိမိက သင်ခန်းစာများကို လူအများကို ချက်ချင်း သင်ကြားပို့ချပေးနိုင်စွမ်း မရှိ သလို လူ သန်းပေါင်းများစွာ ကို ထိုးဖောက်ပြီး ပဋိပက္ခ ကို ငြိမ်းချမ်းစွာ ဖြေရှင်း ဖို့ ဖြစ်နိုင်ချေရှိသောနည်းလမ်းများကို ချပြပေးရန်လည်း မဖြစ်နိုင်။



ထို့ကြောင့် လူအများ ဆီ မြန်မြန် နှင့် များများလက်ဆင့်ကမ်း ရောက်နိုင်သော နည်းလမ်းများ စဉ်းစားသောအခါ သူတို့ ကိုယ်တိုင်တွေးခေါ် ရှာဖွေဖို့ တိုက်တွန်းနှိုးဆော်မှုသည်သာ အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်ချေမည်ဟု သုံးသပ်မိသောကြောင့် ပဋိပက္ခများ ပြေလည်အောင် ဝိုင်းဝန်းအဖြေရှာ ခြင်း အက်ဆေးပြိုင်ပွဲလေးကို လုပ်ပေးနိုင်လျှင် ကောင်းပေမည်ဟု ဆန္ဒဖြစ်ပေါ်ခဲ့သည်။

ကိုယ့်တိုင်းပြည်၏ အဖက်ဖက်က ထွက်ပေါက် ပိတ်ကာ ပြည်သူ များ စိတ် အကျဉ်းကျ၍ စိတ်ဒုက္ခရောက်နေရသော နေ့ရက်များကို ထွက်ပေါက် တစ်ခုလည်း ဖြစ်စေနိုင်ပေမည်ဟု ဆင်ခြင်မိသည်။

ကိုယ် ပေးနိုင်မည့် ဆုကြေးငွေလေး ချီးမြှင့် ပေးကာ ပြိုင်ပွဲ ဝင် အက်ဆေးလေးများကို လူအများ လေ့လာဖတ်ရှုနိုင်ဖို့ စာအုပ်ကလေး လုပ်ပေးမည်ဟု ဆန္ဒရှိခဲ့သည်။

ထို ဆန္ဒ သည် ယနေ့ အချိန်တွင် အကောင် အထည် ပေါ်လာနိုင်သည့်အတွက် ဖော်မပြနိုင်အောင် ကြည်နူးဝမ်းမြောက်ရပါသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီတွဲဖက်ဆောင်ရွက်ပေးသော Glamour- စွဲမက် မီဒီယာ နှင့် ပြိုင်ပွဲကို စိတ်ခွန်အား အပြည့်ဖြင့် ပါဝင်ရေးသားယှဉ်ပြိုင်သူ များ အားလုံး ကို အတိုင်းမသိ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ချစ်ခင်လေးစားစွာဖြင့်<br>ဒေါက်တာစိုးမြတ်နွယ်<br>ဆုရွေးချယ်ရေးအဖွဲ့<br>Director & Founder<br>United World Peace Institute